The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဥ်

# အေဘရာဟမ်လိန်ကန်း

## (Abraham Lincoln )



အမေရိကန်သမ္မတများအနက် အသူက အခက်ခဲဆုံးအခြေအနေများကို ကျော်ဖြတ်ခဲ့သည်၊ အသူက နိုင်ငံ၏ဂုဏ်ကျက်သရေကို ပြည်တွင်းမှာသာမက၊ ပြည်ပတွင်လည်း တိုးပွါးစီကာ နိုင်ငံအား ကမ္ဘာ့ပြည်သူများ၏ ချစ်ခင်လေးစားမှုကိုရပိစီသည်—စသည်ဖြင့်သမိုင်းပညာသျှင်များ၊ စာနယ်ဇင်းသမားများ၊ သမိုင်းပညာသျှင်များ၊ တက္ကသိုလ်ပါမောက္ခများ၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများက အမှတ်ပီးကတ်ရာတွင် ရက်ပြတ်ရက်ပြတ် ဆိုသလိုပင် နံပါတ် (၁) စွဲသူမှာ အမေရိကန်ပြည်ထောင်စု၏ ၁၆ ယောက်မြောက်သမ္မတ အေဘရာဟမ်လိန်ကိန်းပင် ဖြစ်ပါသည်။

အေဘရာဟမ်လိန်ကိန်းကို အမေရိကန်ပြည်ထောင်စု၊ ကွင်တက္ကီ (Kentucky) ပြည်နယ်၊ ဟာဒိန်း (Hardin) ခရိုင်တွင် ၁၈၀၉ ခုနှစ်၊ ဖေဗျူဝါရီလ ၁၂ ရက်နိ့တွင် ဖွါးမြင်သည်။ လိန်ကိန်း၏အဖ ထောမတ်စ်လိန်ကိန်း (Thomas Lincoln) သည် စာမရီးတတ်၊ မဖတ်တတ်။ သို့သော် သူ့လက်မှတ်ကိုဖြောင့်အောင်ထိုးတတ်သည့် လယ်သမားနှင့်လက်သမား အလုပ်နှစ်မျိုးလုံး လုပ်စားသူတစ်ယောက်ဖြစ်သည်။ အေဘရာဟမ်လိန်ကိန်း အသက် ၇ နှစ်အရွယ်တွင် သူ့အမိဆုံးပါးလားသည်။ နောက်တစ်နှစ်လောက်အကြာတွင် လိန်ကိန်း၏အဖ ထောမတ်စ်သည် အချေ ၃ ယောက်ဟိသည့် မဆမ (မုဆိုးမ) တစ်ယောက်နှင့် ဒုတိယအိမ်ထောင်ပြုရာ လိန်ကိန်းနှင့်သူ့အစ်မ စယ်ရာ ရို့သည် မထွီးမသည်၏လက်တွင် ကြီးပြင်းခကတ်ရပါသည်။ လိန်ကိန်း၏အဖ နောက်အိမ်ထောင်ပြုပြီး များမကြာမီပင် သူရို့မိသားစု အိန္ဒီယားနား (Indiana) ပြည်နယ်သို့ ပြောင်းရွှိ့နီထိုင်သည်။ ထိုနောက် အီလီနွိုက် (Illinois) ပြည်နယ်သို့ပြောင်းသည်။

ယင်းသို့ဖြင့် အသက် ၇ နှစ်အရွယ်တွင် အမိအရင်းဖြစ်သူ ဆုံးပါးလားကာ မထွီးမလက်ထဲတွင် ကြီးပြင်းရပြီး မိသားစု၏ အိမ်ပြောင်းရာနောက်သို့ အကြိမ်ကြိမ်လိုက်ပါနီခရသည့် လိန်ကိန်း၏ ဘဝတစ်သက်တာတွင် မည်မည်ရရ ကျောင်းနိန်ဖူးသောသက်တမ်းမှာ တစ်နှစ်ပင်မပြည့်တတ်ပါချေ။ စာရီးစာဖတ်ကို အိမ်နားပါးချင်းများ၊ တရားဟောဆရာများမှတဆင့် သင်ယူခသည်။ စာဖတ်တတ်လာသောအခါ စာတကုတ်ကုတ် ဖတ်သည်။ ***"အကျွန်မဖတ်ဖူးသိရေစာအုပ်တအုပ်ကို လာပီးဖတ်တေလူရေ အကျွန်၏အကောင်းဆုံးသူငယ်ချင်းဖြစ်ပါသည်"*** ဟု လိန်ကိန်းက ဆိုပါသည်။ လျှပ်စစ်မီးမဟိ။ အိပ်ရာဘေးနားမှာဟိသည့် မီးဖိုမှ မီးအလင်းရောင်ဖြင့်စာဖတ်သည်။ စာအုပ်ငှါးရန်အတွက် မိုင်၂၀ ကျော်သော ခရီးကိုလားရန်ဝန်မလီး။ ကျောင်းကောင်းကောင်းမနိန်ဖူးသည့်တိုင် ဥပဒေပညာကို တစိုက်မတ်မတ် လေ့လာသည်။ စာစုံဖတ်သည်။ လိန်ကိန်း၏ အရပ်သည် ၆ ပေ ၄ လက်မဟိပြီး အမေရိကန်သမ္မတများထဲတွင် အရပ်အရှည်ဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။

အီလီနွိုက်ပြည်နယ်သို့ပြောင်းလာပြီးနောက် နယူးဆေလမ်း (New Salem) ရွာတွင် စာပို့သမားလုပ်သည်။ တစ်လလျှင် ၁၅ ဒေါ်လာဖြင့် စတိုးဆိုင်တွင် စာရေးဝင်လုပ်သည်။ မြေတိုင်းစာရေးလုပ်သည်။ လိန်ကိန်းသည် အလုပ်ဘဇောင်များများ စာဖတ်ဖို့ တခါလည်း မပျက်ကွက်တတ်သူဖြစ်သည်။ (နယူးဆေလမ်း (New Salem) ရွာသို့လည်းကောင်း၊ လိန်ကိန်းရှိ့မိသားစုနိန်ထိုင်ခဲသည့် အိမ်သို့လည်းကောင်း အကျ–ွန်ရောက်ဖူးပါသည်။ သမ္မတကြီး လိန်ကိန်းအိပ်ခဲသည့် အိပ်ရာ ကုတင်၊ စာပို့သမားလုပ်စဉ်အခါက အသုံးပြုခဲသည့် စာပို့ခွက်များအပါအဝင် ဓါတ်ပုံများစွာရိုက်ယူလာပါသည်။ နောက်ထပ်ဆောင်းပါးများရီး၍ တင်ပြပါမည်။ စကားချပ်။) ၁၈၃၂ ခုနှစ်တွင် ဖြစ်ပွါးသည့် သိန်းငှက်မဲ (Black Hawk) စစ်ပွဲတွင် စစ်ထဲဝင်ရန် စာရင်းတင်သွင်းရာ ဗိုလ်ကြီးအဖြစ် တာဝန်ခန့်ထားပီးအပ်ခြင်း ခံခဲရပါသည်။ ရိုးရိုးသားသား၊ ကြိုးစားသည့် လိန်ကိန်းသည် ၁၈၃၄ ခုနှစ်တွင် ပြည်နယ်ဥပဒေပြုအရာဟိ အဖြစ် ရွှီးကောက်တင်မြှောက်ခြင်းခံရပါသည်။

လိန်ကိန်းတွင် အန်ရုတ်လေ့ဂျ် (Ann Rutledge) ဟူသည့် မြင်းအတူစီးဖေါ်စီးဖက် ရည်းစားဦး ဟိခဖူးပါသည်။ ကံအကြောင်းအကောင်း မလှ စွာဖြင့် သူမ သီဆုံးလားသောအခါ လိန်ကိန်း အသဲကွဲရပြန်သည်။ ထိုနောက် ကင်တက္ကီ မှ မေရီအိုဝန်စ် (Mary Owens) ဟု နာမည်ရသူနှင့် ချစ်ကျွမ်းဝင်ပြန်သည်။ ကွဲပြန်သည်။ နောက်ဆုံး အီလီနွိုက်သူ မေရီတုဒ် (Mary Todd) နှင့် အကြောင်းပါသဖြင့် ၁၈၄၂ ခုနှစ်၊ လိန်ကိန်းအသက် ၃၃ နှစ် အရွယ်တွင် လက်ထပ်ဖြစ်ကတ်သည်။

၁၈၄၆ခုနှစ်တွင် အမေရီကန်ပြည်ထောင်စု၏ အောက်လွှတ်တော်အမတ်အဖြစ် ဝင်ရောက်အရွှီးခံရာ လိန်ကိန်းအနိုင်ရပြန်ပါသည်။ ၁၈၅၈ ခုနှစ်တွင် အထက်လွှတ်တော်အမတ်အဖြစ် ဝင်ရောက်အရွှီးခံရာ လိန်ကိန်းရှုံးပါသည်။ သို့သော်လည်း သူနှင့်ယှဉ်ဖက် နာမည်ကြီးနိုင်ငံရေးသမားတစ်ဦးဖြစ်သည့် စတီဖိန်အေဒေါက်ဂလပ် (Stephen A. Douglas) နှင့် စကားစစ်ထိုးပွဲလုပ်ကတ်ရာတွင် လွှတ်တော်အမတ်ဖြစ်ရန် အနိုင်မရခသည့်တိုင် လိန်ကိန်း၏ ရိုးသားမှု၊ ဟောပြောနိုင်စွမ်းဟိမှုနှင့် (ကျွန်စနစ်ဆန့်ကျင်သည့်) မူဝါဒရေးရာချမှတ်ခြင်းကောင်းမွန်မှုရှိ့အပေါ် အမေရီကန်ပြည်သူများ၏ သတိထား၊ အသိအမှတ်ပြုမှုကို ရဟိလားပါသည်။ ***‘နိုင်ငံတစ်နိုင်ငံတည်းတွင် နီထိုင်ကတ်သူချင်းအတူတူ တစ်ဝက်သောပြည်သူက အုပ်ချုပ်ခံကျွန်၊ တချို့သောပြည်သူကအုပ်ချုပ်သူ သခင်ပုံစံမျိုးသည် စစ်မှန်သော ပြည်ထောင်စုပုံသဏ္ဍာန်တစ်ရပ်ဟု မိမိ မယုံကြည်ပါကြောင်း’*** ဖြင့် လိန်ကိန်းက ဆိုသည်။ ယင်းကဲသို့သော အသိအမှတ်ပြုခံရခြင်းများအပေါ် အခြီခံကာ လိန်ကိန်းရှိသို့တက်လာပါသည်။ ၁၈၆၀ခုနှစ်တွင် ရီဖါဗလီကိန်ပါတီ၏ သမ္မတလောင်းအဖြစ် သမ္မတရွှီးကောက်ပွဲတွင် ဝင်ရောက်အရွှီးခံရာ ရိုးသား၊ ကြိုးစားသော အေဘရာဟမ်လိန်ကိန်းသည် အမေရီကန်ပြည်ထောင်စု ၏ ၁၆ ယောက်မြောက်သမ္မတအဖြစ် ရွှီးချယ်တင်မြှောက်ခြင်း ခံရပါလီသည်။

လိန်ကိန်း သမ္မတအဖြစ် ရွှီးကောက်တင်မြှောက်ခြင်းခံရပြီးသည်နောက် ၁၈၆၁ ခုနှစ်၊ အေပရယ်လတွင် အမေရီကန်တောင်ပိုင်းစစ်သားများက တောင်ခယ်ရိုလိုင်းနားပြည်နယ်ဟိ ပြည်ထောင်စုအဆောက်အဦးကို မီးတိုက်လိုက်ခြင်းဖြင့် တောင်နှင့်မြောက်ကြားတွင် ပြည်တွင်းစစ်ပွဲကြီး စတင်ဖြစ်ပွါးပါလီသည်။ စစ်ဖြစ်ပွါးပြီး တစ်နှစ်ကျော်အကြာ ၁၈၆၂ ခုနှစ်၊ စက်ထမ်ဘာလ ၂၂ ရက်နို့တွင် ‘အမေရီကန်ပြည်ထောင်စု၏ ပြည်နယ်အားလုံး၌ ကျွန်စံနစ်ကို ဖျက်သိမ်းလိုက်ကြောင်း’ သမ္မတ လိန်ကိန်း၏ အမိန့်ဒီဂရီဖြင့် ‘ကျေးကျွန်စံနစ်ဖျက်သိမ်းရေး ကြေ်ငြာစာတမ်း’ (Emancipation Proclamation) ကိုထုတ်ပြန်လိုက်ပါသည်။ ထိုကြေ်ငြာစာတမ်း ထုတ်ပြန်ပြီးနောက်တွင် ပြည်တွင်းစစ်အရှိန်အဟုန်လည်း ပိုမိုမြင့်မားလာ၏။ မြောက်ပိုင်းပြည်ထောင်စု စစ်တပ်ကိုဦးစီးရန် ဗိုလ်ချုပ်ကြီး ယူလီဆပ်စ်အက်စ်ဂရန့် (Ulysses S. Grant) (နောက်ပိုင်းတွင် အမေရီကန်၏ ၁၈ ယောက်မြောက်သမ္မတဖြစ်လာသူ) က ဦးစီးပြီး တောင်ပိုင်းတပ်များကို ဗိုလ်ချုပ်ကြီး ရော်ဘာ့အီးလီး (Robert E. Lee) က ဦးစီးခကတ်ပါသည်။ အစပိုင်းတွင် တောင်ပိုင်းစစ်တပ်များ အနိုင်ရမှုများ အထိုက်အလျှောက်ဟိနိန်ခသော်လည်း နောက်ပိုင်းတွင်မူ မြောက်ပိုင်း ပြည်ထောင်စုစစ်တပ်များက တောင်ပိုင်းခြီကုပ်နယ်မြီများကို တစ်ခုပြီးတစ်ခုသိမ်းပိုက်လိုက်လီသည်။ ယင်းသို့ဖြင့် ၄ နှစ်ကြာ ပြည်တွင်းစစ်ပွဲကြီးအား ၁၈၆၅ ခုနှစ်၊ အေပရယ် ၉ ရက်တွင် ဗိုလ်ချုပ်ကြီးရော်ဘာ့ မှ လက်နက်ချလိုက်ခြင်းဖြင့် အဆုံးသတ်လိုက်လီသည်။ စစ်ပွဲကာလအတွင်း သမ္မတကြီးလိန်ကိန်း ပြောကြားခသည့် ‘ဂယ်တီဘာ့ဂ်မိန့်ခွန်း’ (Gettysburg Address) မှာ အလွန်နာမည်ကြီးသည့် တရားဝင်မိန့်ခွန်းတစ်ရပ်ဖြစ်လီသည်။

အမေရီကန်သမိုင်း၏ အကြီးကျယ်ဆုံးသော ယင်းပြည်တွင်းစစ်ပွဲကြီးတွင် မြောက်ပိုင်းပြည်ထောင်စုတပ်မတော်ဖက်မှ လူပေါင်း ၃၆၅၀၀၀ ယောက်ခန့်ကျဆုံးပြီး ၂၈၂၀၀၀ ယောက်ခန့် ဒဏ်ရာရဟိသည်။ တောင်ပိုင်းစစ်တပ်မှ အကျအဆုံးနှင့် ဒဏ်ရာရဟိမှုစာရင်းကိုမူ ပြုစုထားခြင်း မဟိခပါ။ စစ်ပွဲအတွင်း လက်နက်ချသည့်၊ ဖမ်းဆီးရမိသည့် တောင်ပိုင်းစစ်သားများကို သမ္မတလိန်ကိန်းနှင့် ဗိုလ်ချုပ်ကြီးဂရန့်ရှိ့သည် အချင်းချင်းစာနာထောက်ထားမှု၊ သနား စာနာ၊ ခွင့်လွှတ်မှုများနှင့်အတူ လွတ်လပ်စွာ အိမ်ပြန်ခွင့်၊ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းခွင့်များကို ချက်ချင်းပီးခကြောင်း စစ်မှတ်တမ်း၌ မှတ်တမ်းတင်ထားဟိပါသည်။

သို့ဖြင့် ပြည်တွင်းစစ်ပြီးဆုံး၍ ငါးရက်အကြာ (၁၈၆၅ ခုနှစ် အေပရယ်လ ၁၄ ရက်နို့တွင်) ဝါသျှိန်တန်ကပွဲရုံ၌ သမ္မတကြီး အေဘရာဟမ် လိန်ကိန်း အညောင်းဖြေပြဇါတ်ကြည့်နိန်စဉ် ပြဇါတ်ထဲမှ သရုပ်ဆောင်တဦးဖြစ်သူ ဂျွှင်ဝီလ်ကီဘူးသ် (John Wilkes Booth) ၏ (သမ္မတ ထိုင်ခုံနေရာ၏ နောက်ဖက်ဇါပ်ခုံဖက်မှ ပတ်ဝင်လာကာ) သေနတ်ဖြင့် ပစ်သတ်ခြင်းကိုခံလိုက်ရပါသည်။ ယင်းသေနတ်ဒဏ်ရာဖြင့်ပင် နောက်တစ်ရက်၌ သမ္မတကြီးအေဘရာဟိမ်လိန်ကိန်း နတ်ရွာစံ ကံတော်ကုန်လားပါလီသည်။

စာရိုး၊ စာဖတ်မတတ်သော လယ်သမား၏သား၊ အသက် ၇ နှစ်အရွယ်မှာ မိခင်ကွယ်လွန်လားသဖြင့် မထွီးမနင့်ကြီးပြင်းခရသူ၊ တသက်လုံးတွင် ကျောင်းတစ်နှစ်ပင်ပြည့်အောင် မတက်ဖူးသူ၊ အလုပ်မျိုးစုံလုပ်ကာ ဆင်းရဲပင်ပမ်းစွာ ကြီးပြင်းရှင်သန်လာရသူ၊ အလုပ်ချိန်မှလွဲလျှင် ကျန်အချိန်များ၌ စာတကုပ်ကုပ်ဖတ်နိုန်တတ်သူ၊ စာအုပ်တစ်အုပ်ငှါးဖတ်ခွင့်ရရန်အတွက် မိုင်၂၀ကျော်သောခရီးကို လမ်းလျှောက်ရန်ဝန်မလီးသူ၊ လျှပ်စစ်မီးမဟိ၍ မီးဖိုဘေးနားတွင်ထိုင်ကာ စာဖတ်ခရသူ၊ အချစ်ရဆုံးသူနှင့် သီကွဲကွဲကာ အသဲကွဲခရသူ၊ နိုင်ငံရေးစစ်ထိုးပွဲများစွာတွင် ရှုံးနိမ့်မှု အကြိမ်ပေါင်းများစွာနှင့် တွိ့ကြုံခရသော်လည်း စိတ်ဓါတ်မကျ၊ စိတ်မပျက်ပဲ တတိတိနှင့် ဆက်လက်ကြိုးစားသူ၊ အမေရိကန်ပြည်ထောင်စု၏ အကြီးကျယ်ဆုံးသော ပြည်တွင်းစစ်ကြီးကို ကြံ့ကြံ့ခံအနိုင်တိုက်ခသူ၊ အမေရိကန်အတွက်သာမက ကမ္ဘာ့လူသားသမိုင်း၏ အထင်ကရတစ်ခုဖြစ်သည့် ကျွန်စံနစ်ဖျက်သိမ်းရေးကြော်ငြာစာတမ်းကို လူသားဆန်သည့် နှလုံးသား၊ ကြီးကျယ်မြင့်မြတ်သည့် စိတ်ဓါတ်ဂုဏ်သိမ်များဖြင့် ထုတ်ပြန်ကာ သူကိုယ်တိုင်အတွက် အန္တရာယ်များကိုမှု အံတုခံခသူ၊ ကမ္ဘာ့သမိုင်း၏ အကြီးကျယ်အမြင့်မြတ်ဆုံးသော လူသားဂေါင်းဆောင်များထဲမှ တစ်ဦးဖြစ်သည့် သမ္မတကြီး အေဘရာဟမ် လိန်ကိန်း ကောင်းရာသုဂတိဘုံမှာ စံမြန်းနိူင်ပါလိစီ။ ။

မောင်သာပေါ် (ရမ်းဗြဲ)













"မင်းရေ လူတချို့ကို တစ်ချိန်လုံးမှာသော်လည်းကောင်း၊ လူအားလုံးကို အချိန်အတိုင်းအတာ
တစ်ခုမှာသော်လည်းကောင်း အရူးလုပ်လို့ရကောင်းရပါလိမ့်မေ။ ယေကေလည်းသွင့် လူအားလုံးကို
တစ်ချိန်လုံးမှာအရူးလုပ်ထားဖို့ဆိုစွာတခုပိုင်လည်းမဖြစ်နိူင်ပါ"

အေဘရာဟမ် လိန်ကိန်း

**ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမမာ ချချမ်းသသာ ဟီကတ်ပါစီ။ ။**